အဲတူ်ထဉ်ပှၤလီၢ်အိဉ်မံၤတၢ်ဆီဉ်ထွဲမၤစၢၤကမံးတံာ်
Ei Tu Hta Internally Displaced Person
Supporting Committee
Email : ettidpsc@gmail.com

---

# မြန်မာအစိုးရအနေဖြင့် ဒုက္ခသည်များနေရပ်ပြန်ရေး ဆွေးနွေးမှုမပြုမီ ဆယ်စုနှစ်များစွာရှည်ကြာလျှက်ရှိသော ပြည်တွင်းစစ်၏အဓိကကြောင်းအရာအပေါ်တွင် အလေးထားဆောင်ရွက်ရန်

**၂၀၁၈ ခုနှစ် ဇွန်လ(၂၅)ရက်**

မြန်မာစစ်တပ်မှ တိုင်းရင်းသားလူမျိုးစုများအပေါ် ထိုးစစ်ဆင်နေမှုမှာ ဆယ်စုနှစ်ပေါင်းများစွာ ရှည်ကြာလျှက်ရှိနေပြီဖြစ်ပြီး မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများနှင့်ရင်ဆိုင်နေရသည်။ ကရင်၊ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပြည်တွင်းနေရပ်စွန့်ခွာရသူ(IDP)များနှင့် ဒုက္ခသည်များပျံ့နှံ့နေမှုသည် ဆက်တိုက်ဖြစ်ပွားလျှက်ရှိသော ပဋိပက္ခများနှင့်အတူ မြန်မာစစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့်စနစ်တကျကျူးလွန်နေခြင်း၏ တိုက်ရိုက်အကျိုးဆက်များကြောင့် ဖြစ်သည်။ အပြုသဘောဆောင်သော နိုင်ငံရေးဆွေးနွေးပွဲများ လုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့် လွန်ခဲ့သော (၆) နှစ်တာကာလအတွင်း စတင်ခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အကန့်အသတ်များနှင့် အပေါ်ယံသာဖြစ်ခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှေ့ဆက်သွားနိုင်ရန် တစ်ဆို့နေလျှက်ရှိသည့် လက်ရှိအခြေအနေတွင် မြန်မာအစိုးရမှ ပဋိပက္ခ၏ဆိုးကျိုးသက်ရောက်မှုခံစားနေရသူများအား ထည့်သွင်းပါဝင်စေမှုမရှိခဲ့သော အစီအစဉ်မှတစ်ဆင့် တစ်နိုင်ငံလုံးရှိ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင်ရှိနေသော IDP စခန်းများအားလုံးကို ပိတ်သိမ်းမည်ဆိုသည့် မြန်မာအစိုးရ၏ ကြေညာချက်အပေါ် အောက်ပါလက်မှတ်ထိုးထားသော မိမိတို့အဖွဲ့အစည်းများမှ အလွန်အမင်း စိုးရိမ်မိပါသည်။

ကရင်၊ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များထဲတွင်ရှိသော IDP များ လက်ရှိနေထိုင်နေလျှက်ရှိသော စခန်းများ ပိတ်သိမ်းမည့်ကြေညာချက်သည် မြန်မာစစ်တပ်မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချိုးဖောက်ခြင်းကြောင့် ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တစ်ကျော့ပြန်ပဋိပက္ခနောက်ဆက်တွဲအဖြစ် ဒုက္ခသည်ပေါင်း(၂,၄၀၀)ကျော် တောတွင်းသို့ ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ရသော အခြေခံမှစတင်ခဲ့ပြီး ထိုဒုက္ခသည်များသည် မိုးရာသီတစ်လျှောက်လုံး မည်သည့်အကူအညီမှမရဘဲ တောထဲတွင်ဆက်လက်နေထိုင်ရမည့် အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ တောထဲတွင် ကလေးမွေးဖွားနေရပြီး ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အစားအသောက်၊ ပညာရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေမှာ စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။ မြန်မာစစ်တပ်၏ မတရားကျူးကျော်မှုများသည် ကရင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရမှုအသစ်တစ်ဖန် ပြည်လည်ဖြစ်ပွားရန် မောင်းတင်ထားသကဲ့သို့ဖြစ်ပြီး ပြည်သူများအား ထပ်မံနေရပ်စွန့်ခွာရစေမည့် အခြေအနေသို့ တွန်းပို့နေပါသည်။

ထို့ပြင် ကချင်ပြည်နယ်အတွင်း ပြည်တွင်းစစ် တစ်ကျော့ပြန်လည်ဖြစ်ပွားသည့်(၇)နှစ်တာ ကာလအတွင်း ကချင်ပြည်နယ် တစ်ခုတည်းတွင်ပင် IDP ဦးရေးပေါင်း(၁၂၀,၀၀၀)ကျော်အထိ တိုးမြှင့်လာခဲ့သည်။ ကချင်ပြည်နယ်အနေဖြင့် မကြာသေးမီ အချိန်ကာလမှစတင်ကာ မြန်မာစစ်တပ်၏အရှိန်မြှင့်ထိုးစစ်ဆင်နေမှုများကို ပြင်းထန်စွာရင်ဆိုင်နေရပြီး ဒေသခံပြည်သူများနှင့် IDP များနေထိုင်ရာ စခန်းများအနီးတွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းမှဗုံးကြဲခြင်းများကို လက်လွတ်စပယ် လုပ်ဆောင်မှုများလည်း ရှိနေသည်။ မြန်မာစစ်တပ်အနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေအား လုံးဝအသိအမှတ်ပြုခြင်းမရှိသည့် လုပ်

ဆောင်နေမှုများကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် ၂၀၁၈ ခုနှစ် မတ်လမှစတင်ကာ ပြည်တွင်းနေရပ်စွန့်ခွာရသူ (၇,၀၀၀)ကျော်မှာ မူလစခန်းများနှင့်စခန်းသစ်များတွင် ခိုလှုံနေရဆဲဖြစ်ပြီး ရာပေါင်းများစွာမှာလည်း ပဋိပက္ခများ အကြားတွင် ပိတ်မိနေဆဲ ဖြစ်ပါသည်။

IDP များ၏ စခန်းများကိုပိတ်သိမ်းရန် လက်တလောထုတ်ပြန်ထားသည့်ကြေညာချက်အား နိုင်ငံတော်စီမံကိန်းတစ်ရပ်အနေဖြင့် ဖိအားပေးလုပ်ဆောင်လာပါက ထိုနေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးစီမံကိန်းတွင် IDP များအဖို့ အတင်းအဓမ္မပြန်လည်နေရာချထားရေးနှင့် နောက်တစ်ကြိမ်ပြောင်းရွှေ့ရခြင်း စိန်ခေါ်မှုများကို ကြုံတွေ့ရမည်ဖြစ်ပြီး အလွန်စိုးရိမ်ဖွယ်ရာအတိဖြစ်နေသည့် ၎င်းတို့၏ လက်ရှိအခြေအနေများကို ဘေးအန္တရာယ်ထပ်မံကြုံတွေ့စေမည်သာ ဖြစ်သည်။ IDP များအတွက် နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးမဆွေးနွေးမီ ပဋိပက္ခဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းအရင်းများကို ဦးစားပေးဆွေးနွေး လုပ်ဆောင်သင့်ပါသည်။ ထိုအထဲတွင် မြန်မာစစ်တပ်၏ NCA အပေါ်ချိုးဖောက်မှုနှင့် ဆယ်စုနှစ်များစွာ တိုင်းရင်းသားလူမျိုးစုများအပေါ်ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှု၊တာဝန်ခံမှုရှိသည့် အချက်များ ပါဝင်ရမည်။ ၎င်းအပြင် အစိုးရအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများလမ်းညွှန်အား အသိအမှတ်ပြုပြီး ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လာရာတွင် ၎င်းတို့ဆန္ဒအလျောက်ဖြစ်ရမည်ဖြစ်ပြီ ဘဝလုံခြုံမှုနှင့်ဂုဏ်သိက္ခာရှိရန် လုပ်ဆောင်ပေးရမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် IDP များနှင့် ပဋိပက္ခ၏ဆိုးကျိုးသက်ရောက်မှုများကို ခံစားနေရသည့်လူထုအသိုင်းအဝိုင်းများမှ အပြည့်အဝပါဝင်မှုရှိသော ဆွေးနွေးမှုများ၊ ဖြစ်နိုင်ချေရှိသော IDP များနေရပ်ပြန်ရေးစီစဉ်ရေးဆွဲမှုနှင့်စီမံကွပ်ကဲမှုများ၊ ပြန်လည်နေရာချထားမှုနှင့် ပြန်လည်ပေါင်းစည်းနေထိုင်မှုများ လုပ်ဆောင်ရန်လိုအပ်ပြီး ၎င်းတို့ပါဝင်မှုမရှိသော နေရပ်ပြန်မည့်အစီအစဉ်များသည် ရေရှည်တည်တံ့မည် မဟုတ်ပေ။ ထို့ပြင် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ဆယ်စုနှစ်များစွာ ကူညီပေးနေသည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကိုလည်း အသိအမှတ်ပြုပေးရမည်ဖြစ်သည်။ ၎င်းတို့သည်သာလျှင် နေရပ်ပြန်ရာတွင် လိုအပ်သည့်ဝန်ဆောင်မှုများနှင့်အထောက်အပံ့များကို ဖော်ဆောင်ပေးနိုင်သောကြောင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတိုင်းတွင် ၎င်းတို့နှင့်မဖြစ်မနေတွေ့ဆုံဆွေးနွေးရန် လိုအပ်ပေသည်။

ထို့အပြင် ၂၀၁၇ ခုနှစ်မှ စတင်ကာ အီးတူးထာ IDP စခန်းတွင် စားနပ်ရိက္ခာနှင့်ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုအစီအမံများအပေါ် ဖြတ်တောက်မှုများ မြင့်မားလာသကဲ့သို့ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ IDP စခန်းများနှင့် ဒုက္ခသည်စခန်းများတွင် နေထိုင်နေသည့် ရှမ်းဒုက္ခသည်အများစုမှာလည်း ပြည်တွင်းပဋိပက္ခများ ပိုမိုကြီးထွားလာသောကြောင့် နေရပ်ပြန်ရေးမစဉ်းစားနိုင်ဘဲ စခန်းများတွင် ဆက်လက်ခိုလှုံနေရဆဲဖြစ်သည်။ ထို့ကြောင့် ဒုက္ခသည်များနှင့် IDP များနေရပ်ပြန်ရေးနှင့်ပြန်လည်နေရာချထားရေးကို ဦးစားပေးလုပ်ဆောင်ခြင်းထက် ၎င်းတို့အတွက် အထောက်အပံ့ရရှိနိုင်ရေး စီမံဆောင်ရွက်မှုများနှင့်အတူ လုံခြုံရေးအခြေအနေကြောင့် နေရပ်ပြန်ရန်ကြောက်ရွံ့နေရပြီး ဘဝလုံခြုံမှုနှင့်လုံခြုံရေးအခြေအနေများအရ IDP စခန်းများတွင် မှီခိုနေထိုင် လျှက်ရှိသောသူများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံနိုင်ရန် ဦးစားပေးလုပ်ဆောင်ပေးသင့်သည်။

နေရပ်ပြန်မည့် ပြည်တွင်းနေရပ်စွန့်ခွာသူများကြုံတွေ့နေရသော အခြားစိုးရိမ်မှုများမှာ ပြန်လည်နေရာချထားရာတွင် ကြုံတွေ့လာနိုင်ဖွယ်ရှိသည့် ပြဿနာများဖြစ်သော လုပ်ကိုင်စားသောက်ရန် မြေ၊ နေထိုင်ရန်နေရာ၊ သဘာဝရင်းမြစ်နှင့်အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများဖြစ်ပြီး အထူးသဖြင့် ၂၀၁၂ ခုနှစ် NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ယခုတိုင် နေရာအနှံ့ဖြစ်ပွားလျှက်ရှိသော မြေသိမ်းမှုအစရှိသည့် စိန်ခေါ်မှုများပင်ဖြစ်သည်။

ပြည်တွင်းနေရပ်စွန့်ခွာရသူများစခန်းပိတ်သိမ်းရေး နိုင်ငံတော်အဆင့်စီမံကိန်းသည် စိတ်ကူးယဉ်ဆန်ပြီး ဓမ္မဓိဋ္ဌာန်မကျပေ။ နေရပ်စွန့်ခွာရသည့် အဓိကအကြောင်းရင်းများအပေါ်တွင် အခြေခံစဉ်းစားမှုမရှိသောကြောင့် စခန်းများပိတ်သိမ်းရေးသည် ပြည်သူများအပေါ် အမှန်တကယ် အန္တရာယ်ကျရောက်စေနိုင်ပြီး နောက်တစ်ကြိမ်ရွှေ့ပြောင်းရမည့် အခြေအနေကြုံလာရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့မှ အောက်ပါအတိုင်း အကြံပြုတိုက်တွန်းတောင်းဆိုအပ်ပါသည်။

**မြန်မာအစိုးရသို့**

၁။ တိုင်းရင်းသားဒေသများတွင်ရှိသော ပြည်တွင်းနေရပ်စွန့်ခွာရသူစခန်းများ ပိတ်သိမ်းရေး အစီအစဉ်များအားလုံး ချက်ချင်းရပ်တန့်ထားရန်၊

၂။ ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ပဋိပက္ခ၏ဆိုးကျိုးသက်ရောက်ခံအသိုင်းအဝိုင်းများ၏ အခွင့်အရေးများကိုလေးစားပြီး ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် စီမံခန့်ခွဲမှုများအားလုံးတွင် ၎င်းတို့၏ပြည့်ပြည့်ဝဝ ပါဝင်မှုနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများကို သေချာစွာလုပ်ဆောင်ရန်၊

၃။ ပြည်တွင်းနေရပ်စွန့်ခွာရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များအား နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအတိုင်းရရှိနိုင်ရေး သေချာစွာလုပ်ဆောင်ရန်နှင့် လူသားချင်းစာနာမှုဆိုင်ရာကူညီထောက်ပံ့မှုများ လုပ်ဆောင်နေသောအဖွဲ့အစည်းများအားလုံး သွားလာခွင့်မရသောနေရာများသို့ သွားရောက်နိုင်ရေးအတွက် ခွင့်ပြုပေးရန်၊

၄။ ဒေသခံအဖွဲ့အစည်းများ အထူးသဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ၎င်းတို့၏ လုပ်ငန်းဆောင်တာများနှင့် ၎င်းတို့၏ဒေသအတွင်း ပြည်တွင်းနေရပ်စွန့်ခွာရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေးဝေသည့် အခန်းကဏ္ဍများကို လေးစားအသိအမှတ်ပြုရန်။

**မြန်မာစစ်တပ်သို့**

၁။ တိုင်းရင်းသားဒေသများအတွင်း ထိုးစစ်ဆင်နေမှုများအားလုံးကို ချက်ချင်းရပ်တန့်ရန်နှင့်တပ်များအား ပြန်လည် ရုပ်သိမ်းရန်၊

၂။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သဘောထားအမှန်ဖြင့် ပါဝင်ခြင်းဖြင့် ယုံကြည်မှုကို တည်ဆောက်ရန်၊

၃။ ပြည်တွင်းနေရပ်စွန့်ခွာရသူများ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များအား နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအတိုင်းရရှိနိုင်ရန် လုပ်ဆောင်ပေးခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာကူညီထောက်ပံ့မှုများ လုပ်ဆောင်နေသောအဖွဲ့အစည်းများအားလုံး သွားလာခွင့်မရသော နေရာများသို့ သွားရောက်နိုင်ရန်အတွက် ခွင့်ပြုပေးရန်။

အလုပ်အမှုဆောင်အဖွဲ့

အီးတူထ ပြည်တွင်းနေရပ်စွန့်ခွာလူထုကူညီပံ့ပိုးရေးကော်မတီ

+ ၆၆ ၈၇၉ ၄၃၈၇ ၅၀

**ပါဝင်လက်မှတ်ထိုးသည့် အဖွဲ့အစည်းများ**

1. Karen Peace Support Network (KPSN)
2. Karen Women Organization (KWO)
3. Karen Refugee Committee (KRC)
4. Karen Environmental and Social Action Network (KESAN)
5. Karen Teacher Working Group (KTWG)
6. Karen Education Department (KED)
7. Karen Office of Relief and Development (KORD)
8. Karen River Watch (KRW)
9. Karen Affairs Committee (KAC)
10. Karen Human Rights Group (KHRG)
11. Karen State Civil Society Organization Network (KSCN)
12. Karen Student Network Group (KSNG)
13. Karen Youth Organization (KYO)
14. Tarkapaw Youth Group
15. Tanintharyi Friends
16. Committee for Internally Displaced Karen Peoples (CIDKP)
17. Burma Medical Association (BMA)
18. Back Pack Health Worker Team (BPHWT)
19. Mae Tao Clinic
20. Thwee Community Development Network (TCDN)
21. Hsar Mu Htaw CSO
22. Youth Circle (YC)
23. Mutraw Community Development Committee (MCDC)
24. ရွှက်စိမ်းနု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
25. Action Group for Farmer Affair (AGFA) (Ayayarwaddy Division)
26. Action Group for Farmer Affair (AGFA) (Magway Division)
27. Action Group for Farmer Affair (AGFA) (Pagu Division)
28. Action Group for Farmer Affair (AGFA) (Sagaing Division)
29. Action Group for Farmers Affair (AGFA) (Mandalay Division)
30. All Kachin Youth Union
31. Asiochin Independence force.
32. AWDO(Naphe)
33. Ayearwady west Development Organization.AWDO (Magway , 9th township)
34. Ayeyarwaddy Transparency and Accountability Association (ATTA)
35. Bedar Social Development Group
36. Belinn CSO Network
37. Candle Light
38. Chin Women Development Organization
39. Chin Youth Organization (Matupi)
40. Communiry Develovment Association
41. Green Network Mergui Archipelago
42. Htoi Gender and Development Foundation

43. Human Right Foundation of Mon Land ( HURFOM)
44. K'Cho Land Development Associatuon
45. Kachin and Research Center Reply
46. Kachin Development and Networking Group (KDNG)
47. Kachin Educational Foundation ( KEF)
48. Kachin State Youth Assembly
49. Kachin State Youth Association
50. Kachin Women Union (KWN)
51. Kan Chay Arr Mann fishery development network (Nga Yoke Kaung)
52. Kanpetlet Land Development Association
53. Matu Forum Committee
54. Mon Area Community Development Organization (MACDO)
55. Mon Youth Progressive Organiztion (MYPO)
56. MRJ (မာယာဂျာအဖွဲ့)
57. Myeik Lawyer Network
58. NeT organization
59. Open Development Foundation
60. Peace and Justice
61. Pwinphyu Development Organization. PDO)
62. Ram Rawt ( YRDO - Youth Resources Development Organisation)
63. စေတနာ့ရှေ့ဆောင် လူငယ်အဖွဲ့
64. Saytodetayar Development Organization. (SDO)
65. Shwe Thinkha Social Development Organization
66. Southern Youth
67. Thanbyuzayart Mon Youth
68. The Seagull
69. Yomachin (saytodetaya)
70. Youth Recure (Ramhkye)
71. ကလျာဏမိတ္တလူမှုဖွံ့ဖြိုးရေးအသင်း ( ခင်ဦး)
72. ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကွန်ယက်
73. ဂရုဏာရှင် နာရေးကူညီရေးအဖွဲ့
74. စာဖြူ လယ်သမားကွန်ယက်
75. စိမ်းရောင်စို (တံတားဦး)
76. ဇင်လွန်းကော်မတီ (တန်ဖရဲ့)
77. တို့မျိုးဆက်ကွန်ရက်
78. ဓမ္မအလင်း ယဉ်ကျေးလိမ္မာအဖွဲ့
79. ပန်းတိုင်ရှင်အဖွဲ့ အမျိုးသမီးကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့
80. ပန်းတိုင်ရှင်အဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့
81. ပျိုးဥယျာဉ် ပညာရေး အထောက်အကူပြုအဖွဲ့
82. မတူအမျိုးသမီးဖွံ့ဖြိုးရေးအဖွဲ့
83. မုဒိတာ အဖွဲ့
84. ရည်ရွယ်ရာ လူမှုဖွံ့ဖြိုးရေးအဖွဲ့
85. လင်းလက်ကြယ်လူမှုဖွံ့ဖြိုးရေးအဖွဲ့
86. လပွတ္တာတောင်သူလယ်သမားသမဂ္ဂ

87. အနာဂတ်ကြယ်ပွင့် လူငယ်အဖွဲ့
88. အလင်းတန်းလူမှုဖွံ့ဖြိုးရေးအဖွဲ့(ဘိုကလေး)
89. အလင်းမီးအိမ်
90. အလင်းသီတံ
91. ရော-သလ္လာအဖွဲ့
92. ရောဝတီတိုင်းတောင်သူလယ်သမားသမဂ္ဂ
93. တောင်ပိုင်းလူငယ်ဖွံ့ဖြိုးအဖွဲ့
94. တောင်သူလယ်သမားသမဂ္ဂ (ကန့်ဘလူမြို့နယ်)
95. ဒေသဖွံ့ဖြိုးရေးအဖွဲ့
96. ပေါင်းစည်းမေတ္တာအဖွဲ့
97. မြေယာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်း အဖွဲ့၊ ကွတ်ခိုင်မြို့နယ်
98. ရောင်နီဦး လူမှုဖွံ့ဖြိုးရေးအဖွဲ့
99. ရောင်နီဦး အမျိုးသမီးအဖွဲ့
100. ရွှေခြင်္သေ့လူမှုစောင့်ရှောက်ရေးအသင်း
101. ရွှေခြင်္သေ့တောင်သူကွန်ရက်
102. CAFT Citizen Action for Transparency
103. Generation Wave
104. MCRS Myanmar Cultural Research Society
105. Burma Monitor
106. COMREG
107. Pace on Peaceful pluralism
108. Progressive Voice